

# တူရကီအာဏာရှင်

## (မတ်စဖါးကမဲလ်အတ္ထုပ္ပတ္တိ)

ထွန်းကြိုင်

Mustafa Kemal Ataturk

တူရကီ အာဏာရှင် မတ်စဖါးကမဲလ်

# အတ္ထုပ္ပတ္တိ

## နိဒါန်း

ကမ္ဘာစစ်ကြီးအတွင်း က တူရကီပြည်သည် ဂျာမန်တို့ ဘက်မှ ပါ ဝ င် ၍ တိုက်ခိုက်ခဲ့ရာ စစ်ရေး ရှုံးနိမ့်ခဲ့သည့်အတိုင်း၊ အင်္ဂလိပ်မဟာမိတ်တို့ က စူလတန် ဘုရင်နှင့်တကွ ကွန်စတန်တီနိုပိုမြို့တော် ကိုပါ လက်ရအုပ်စီးပြီးလျှင် တူရကီပြည်တွင်း စီမံချယ်လှယ်ချင်တိုင်း ချယ်လှယ်ရန် ကြံစီကြ၏ ။

ထိုအခါ တူရကီပြည်မှာ လည်း အခြေမလှ။ အားကိုးရာမဲ့ ဖြစ်လျက်ရှိစဉ်၊ မဟုတ်လျှင် မခံ။ အသက်ကို အသေခံဝံ့သော မတ်စဖါးကမဲလ် အစရှိသည့် တူရကီလူမျိုး တက်လူတစုတို့ ထွက်ပေါ်ခါ မိမိတို့ တိုင်းပြည်နှင့် အမျိုးသား သူတပါး၏ လက်တွင်း ၌ ၊ အနစ်မွန်းမခံစေဘဲ တအားခဲလျက် ရုန်းကန်ထွက်ခဲ့ကြ ပုံမှာ ၊ ကမ္ဘာ့ရာဇဝင်တွင် စာတင်လောက်အောင် ဖြစ် လာလေသည် ။

ဤ အ ကြောင်း နှ င့် စ ပ် ၍ မြ န် မာ ပြ ည် တွ င် ''ကျားသနားမှ နွားချမ်းသာ'' ဆိုသော စကားကို ပြောဆိုလေ့ရှိကြ၏ ။ သို့ သော် ကျားသတ္တဝါသည် မိမိစားလိုသော အစာကို သနားလိမ့်မည် ဟူ၍ ကား ထင်မှာ းမိချေက မဟာအမှာ းတော် ကြီးပေတည်း ကျားလက်တွင် းသို့ ကျရောက်ခဲ့သော် ထိုကျား၏ သနားညှာ တာခြင်း၊ ချမ်းသားပေး ခြင်းတို့ ကို မမြှော်လင့်မကိုးစားဘဲ လွတ်မြောက်အောင် ရုန်းကန်ထွက်ရန် တနည်း တလမ်းတည်းသာ ကျန်ရှိပေသည် ။ အ က ယ် ၍ ရုန်းကန်ထွက်လျက် မလွတ်မြောက် ဘဲ အသက်ပင်

သေရစေကာမူ ပညာရှိသူတော် ကောင်းတို့ ၏ပြစ်တင်ကဲ့ရဲ့ ခြင်းကင်းပေလိမ့်မည် ။

ယင်းသို့ ဖြစ်ရာ မတ်စဖါးကမဲလ် အစရှိသော တူရကီလူမျိုးတက်လူတစု တို့ ပြုလုပ်ပြသလိုက်ပုံမှာ သူတစ်ပါးလက်အောက်သို့ ကျရောက်နေသူတို့ အဘို့ စံနမူနာကြီးသဘွယ် တူပေရကား။ မြန်မာတိုင်းသူ ရဟန်းရှင်လူအများ တို့ သည် ဤ''အာဏာရှင်''ခေါ် ဘာသာပြန်စာအုပ်ကို အားပါးတရ မှာ ယူဘတ်ရှုကြလိမ့်မည် ဟု ယုံကြည်မြှော်လင့်ပေကြောင်း။

**ထွန်းကြိုင်**

**ဘာသာပြန်ဆိုသူ။**

**ရန်ကုန်မြို့။**

**၁၉၃၉ ခုနှစ် ၊ ဇန်နဝါရီလ (၁၄) ရက်နေ့။**

***

# တူရကီ အာဏာရှင်

အလီရီဇာနှင့် ဇူဘီဒါဆိုသော အကြင်လင်မယားနှစ် ယောက်တို့သည် ဆလိုနိက ဆိပ်ကမ်းမြို့၏ တူရကီလူမျိုးတို့ နေထိုင်ရာ ရပ်ကွက်၌ နေထိုင်ကြလေ၏ ။ လင်ယောကျ်ား ဖြစ်သူ အလီရီဇာမှာ တူရကီအစိုးရတို့ ၏ အာဏာရုံးတွင် စာ ရေး အလုပ်ဖြင့် လုပ်ကိုင်ခါ သားမယားတို့ အား ကျွေးမွေးခြင်း ပြုလေသည် ။ သို့ သော် ရရှိသော လစာငွေမှာ မလုံမလောက်သော ကြောင့် အားလပ်သော အချိန်တို့ ၌ အရောင်းအဝယ်အလုပ်ကို တဘက်တလမ်း လုပ်ကိုင်ရလေ၏ ။ ဇနီးမိန်းမမှာ လည်း လင်ယောကျ်ားရှာကြံပေးသမျှတို့ နှင့် ကြစ်လစ်စွာ ချွေတာသုံးစွဲလျှက် သားငယ် သမီးငယ်တို့ နှင့် အိမ်ထောင်မှုတာဝန် ကို လုံခြုံအောင် စောင့်ထိမ်းခြင်း ပြုရလေ၏ ။ ၎င်းတို့ အကြင်လင်မယားမှာ ပစ္စည်းဥစ္စာ မချမ်းသာသော် လည်း အနေအထိုင် ကောင်းမွန်ကြသဖြင့် ရပ်ရွာ၏ ရိုသေကိုင်းရှိုင်းခြင်းကို ခံကြရလေသည် ။ ဇူဘီဒါမှာ သားငယ် မတ်စ်ဖါးကို ဖွားမြင်သော အခါ၊ အသက်အရွယ် သုံးဆယ်ခန့်သာ ရှိလေ၏ ။ သားဦးအကြီးဆုံးယောကျ်ားလေးတယောက် ဖွားမြင်ခဲ့ သော် လည်း အသက်မရှည်ခဲ့ ဖြစ်လေသည် ။ မက်ဆိုလာမှာ ကား မတ်စ်ဖါးအောက် အငယ်ဆုံး သမီးကလေး ဖြစ်၏ ။

မတ်စ်ဖါးသည် တဦးတည်းသော သားယောကျ်ားကလေး ဖြစ်သည့်အတိုင်း မိဘတို့ က အလိုလိုက်ထားသဖြင့် ငယ်စဉ်ကပင် နွဲ့ဆိုးဆိုးလာခဲ့၏ ။ သို့ သော် မိခင်အပေါ်၌ မူ များ စွာ ချစ်ခင်စိတ်ရှိ၍ ဘခင်ထက် မိခင်၏ စကားကို ပိုမိုနား ထောင်လေ့ရှိလေသည် ။

အလီရီဇာသည် မိမိ၏ သားကို ကုန်သည် ဘဝဖြင့်

လုပ်ကိုင်စားသော ရန် လိုလားသော် လည်း မိခင် ဖြစ်သူကမူ မိမိ၏ တဦးတည်းသော သားကလေးအား တူရကီဘုန်းကြီးအ ဖြစ်နှင့် အရိုးထုတ်စေလိုသည့်အတိုင်း နီးရာ ဗလီကျောင်းတခုတွင် အပ်နှံခြင်းပြုလေ၏ ။

နောက်များ မကြာမီ လင်ယောကျ်ား အလီရီဇာမှာ ကွယ်လွန်အနိစ္စရောက် လေရာ ကျန်ရစ်သော ဇနီးသယ် ဇူဘီဒါမှာ ပစ္စည်းဥစ္စာမရှိ ခိုကိုးရာမဲ့ ဖြစ်လျှက် သားသမီးနှစ် ယောက်နှင့် မောင်အကြီးတော် သူထံ သွားရောက်နေထိုင်ရလေ၏ ။ ထိုအခါ အဘမဲ့သားကလေး ဖြစ်သူ မတ်စ်ဖါးမှာ ဦး ရီး နေ အိမ် ၌ သိုးထိမ်း ခြင်းအလုပ်ကို လုပ်ကိုရလေရာ၊ ဤသို့ လုပ်ကိုင်ရသော် လည်း ၄င်း၏ စိတ်တိုင်းကျ လွတ်လပ်စွာ လုပ်ကိုင်ရသဖြင့် များ စွာ ပျောက်ပိုက်နှစ် ချိုက်နေလေ၏ ။ မတ်စ်ဖါးသည် သိုးထိမ်းအလုပ်ကို ၂ နှစ် တိုင် လုပ်ကိုင်ပြီးသည့်နောက် အသက်ဆယ်နှစ် အရွယ်သို့ ရောက်သော အခါ အဒေါ်တော် သူတယောက်က စာသင် ကျောင်းတကျောင်းတွင် အပ်နှံပြန်လေ၏ ။ သို့ ရာတွင် မတ်စ်ဖါးသည် စာပေကို ကောင်းစွာ သင်ကြားလိုစိတ် မရှိသည့်အပြင် ဆရာသမားတို့ ၏ အ ဆုံး အ မ ကို လ ည်း မခံဘဲ အခြားကျောင်းသားသူငယ်များ နှင့် မကြာခဏ ခိုက်ရန် ဖြစ်ပွားတတ်လေ၏ ။ တနေ့သော အခါ မတ်စ်ဖါးသည် ကျောင်းသားသူငယ်တစုနှင့် ခိုက်ရန် ဖြစ် ပွားနေစဉ် ဆရာကိုယ်တိုင်လာရောက်၍ ဟန့်တားသော် လည်း မရသော ကြောင့် ၄င်းအား ကြိမ်လုံးနှင့် ပြင်းထန်စွာ ရိုက်နှက်သော အခါ နေအိမ်သို့ ထွက်ပြေး လေ၏ ။

ထိုအကြောင်းကို မိခင် ဖြစ်သူ သိရှိသော အခါ သားငယ်မတ်စ်ဖါးအား ချော့မော့ပြီးလျှင် ကျောင်းသို့ ပြန်သွားရန်

ပြောရှာလေ၏ ။ သို့ သော် လည်း ပြော ၍ မရသည့်ပြင် မတ်စ်ဖါးနှင့် ထိုစာသင်ကျောင်းမှာ ထိုနေ့ကစ၍ အဆက်ပြတ် ခဲ့လေသည် ။

သို့ ဖြစ်၍ ဦးရီးတော် ဖြစ်သူသည် သူငယ်ကလေးအား ဆလိုနီကမြို့ရှိ စစ်ကျောင်းသို့ ပို့ရန် နှမနှင့် တိုင်ပင်လေရာ နှမ ဖြစ်သူ မှာ မိမိ ၏ သားကလေးအား စစ်ထဲသို့ မဝင်စေလို မည် ကဲ့သို့ ပြုရမည် ကိုလည်း မဝေခွဲနိုင် ဖြစ်နေလေ၏ ။ သို့ သော် မတ်စ်ဖါးကမူကား ဦးရီး ဖြစ်သူ၏ စကားကို ကြားရသည် နှင့်တပြိုင်နက် စစ်ဘက်တွင် ဝင်လိုစိတ်ရှိခဲ့ရာ အိမ်နီးချင်းရွယ်တူတယောက် စစ်ကျောင်းမှ ပြန်လာသည် ကို တွေ့မြင်သော အခါ တိုး၍ အားကျ လာပြီးလျှင် ဘခင်၏ မိတ်ဆွေတဦးထံ သွား ရောက်လျှက် မိမိအား စစ်ကျောင်းသို့ အပ်နှံပေးရန် တောင်းပန်ပြောဆိုလေ၏ ။

***

## စစ်ကျောင်းသို့ ဝင်ခြင်း

မတ်စ်ဖါးသည် စစ်ကျောင်းသို့ ရောက်ခဲ့သည် မှာ ၎င်း၏ စိတ်သဘောကျ ဖြစ်သည့်အတိုင်း စစ်ဘက်ဆိုင်ရာသင်္ချိုင်းစာများ ကို ကြိုးကြိုးစားစား သင်ကြား လေရာ များ မကြာမီ စစ်ကျောင်းဆရာတို့၏ နှစ်သက် ခြင်းကို ခံလာရလေ၏ ။ သို့ သော် ပင်ဂိုရ်မူလအားဖြင့် မဟုတ်မခံတတ်သော စိတ်ရှိလေရကား အခြား ကျောင်းသားများ နှင့် ပေါင်းသင်း၍ မရ ဖြစ်နေလေ၏ ။ ကျောင်းသားများ က ၎င်းတို့ နှင့် အတူ ပျော်ပျော်ပါးပါးနေထိုင်ရန် ပြောသော အခါ မတ်စ်ဖါးက ''ငါသည် လူ တယောက် ဖြစ်ချင်၍ မင်းတို့ ကဲ့သို့ မနေနိုင်''ဟု ပြန်ပြောလေ၏ ။

မတ်စ်ဖါးသည် စစ်ကျောင်းတွင် ပဌမနှစ် စာမေးပွဲအောင်၍ ဒုတိယနှစ် သို့ ရောက်သော အခါ ဆရာသစ် ဖြစ်သူ ကက်ပတိန်မတ်စ်ဖါးက အလွန် နှစ်သက် သဘောကျသည့်အတိုင်း ၎င်းအား ရန်ဖန်ရန်ခါ အောက်တန်းကလေးများ တွင် လက်ထောက်ဆရာအ ဖြစ် သင်ကြားပြသစေလေ၏ ။

ထို့ပြင် ကက်ပတိန်မတ်စ်ဖါးသည် မိမိကျောင်းသားငယ် မတ်စ်ဖါးအား မိမိ၏ နာမည် နှင့် တူနေခြင်းကြောင့် ကွဲပြားခြားနားစေခြင်းငှာ ''ကမဲလ်''ဆိုသော နာမည် တလုံးကို နောက်ကဆက်၍ ခေါ်တွင် စေလေ၏ ။ ထိုနေ့ကစ၍ လည်း မတ်စ်ဖါး၏ နာမည် မှာ 'မတ်စ်ဖါးကမဲလ်' ဖြစ်လာခဲ့လေသည် ။

မတ်စ်ဖါးကမဲလ်သည် စစ်ကျောင်းတွင် တနှစ် ပြီးတနှစ် အတန်းစည် အောင်လာခဲ့လေရာ စစ်ကောလိပ်ကျောင်းသို့ တက်လာရလေ၏ ။ စစ်ကောလိပ် ကျောင်းသို့ ရောက်သော အခါလည်း

အခြားကျောင်းသားများ ထက် ထူးချွန်၍ စစ်ဥပဒေ၌ ၄င်း စစ်ရေးလေ့ကျင့်သင်ကြားရာ၌ ၄င်း တတ်မြောက်လာသည့်အတိုင်း စစ်ကျောင်းဆရာကြီး တို့ ၏ ချီးမွမ်းခြင်းကို ခံလာရပြန်လေ၏ ။

အသက် ၁၇ နှစ် သို့ တိုင် ရောက်သော အခါ ဆလိုနိကမြို့ရှိ စစ်ကောလိပ် ကျောင်းမှ တဖန် မွန်စတာမြို့ရှိ အထက်တန်းစစ်ကျောင်းကြီးသို့ ရွှေ့ပြောင်း၍ အထက်တန်း စစ်ဘက်ဆိုင်ရာ အတတ်ပညာတို့ ကို သင်ကြားရပြန်လေ၏ ။

***